# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## ၄၁ ရက်မြောက်နေ့ အစီအစဉ်

## ၂၅ – ၁၀ – ၂၀၁၁ (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးညဏ်ဆွေဝင်း၊ ကျောက်ကြီး မဲဆန္ဒနယ်၏ “ စစ်တောင်းမြစ်ကူး တံတား ဆောက်လုပ်ပေးရန် ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမြင့်လှိုင်၊ မဘိမ်း မဲဆန္ဒနယ်၏ “ မိုးကုတ်–မိုးမိတ်–မြစ်ဆုံ–မဘိမ်း–စီပိန်း–စီအူ–ဗန်းမော်လမ်းမကြီးကို အဆင့်မြှင့်တင်ပေးရန် ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ်၏ “ ဟားခါး–မတူပီလမ်း ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအိုက်မုန်း၊ မန်တုံ မဲဆန္ဒနယ်၏ “မန်တုံ–မိုးမိတ်၊ မန်တုံ–မိုင်းဝီး–နမ်းခမ်း ကားလမ်း” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်၏ “လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ်၏“လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေး” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်၏“ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးစိုင်းကျော်မြင့်၊ မိုးနဲ မဲဆန္ဒနယ်၏“နားခံကျေးရွာအုပ်စု၌ လျှပ်စစ် မီးရရှိရေး” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးအေးဟန်၊ ပေါက်ခေါင်း မဲဆန္ဒနယ်၏“အင်ငါးခွကျေးရွာသို့ လျှပ်စစ်လိုင်းမှ သွယ်တန်းခွင့်” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏“ရစ်ကန်ကြီးနှင့် သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာများ လျှပ်စစ်မီးလင်းရေး”နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဋ) ဦးခင်မောင်ညို ၊ လှိုင်ကော် မဲဆန္ဒနယ်၏“ကျေးရွာများ လျှပ်စစ် မီးလင်းရေး” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဌ) ဦးကြည်မြင့်၊ မှော်ဘီ မဲဆန္ဒနယ်၏“မှော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ အုပ်စုမီးလင်းရေး” နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး ၃၅ ရက်မြောက်နေ့တွင် အတည်ပြု ခဲ့သည့် “နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိ အခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျော ညီထွေ ရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့် နည်းလမ်းများအား လွှတ်တော်သို့တင်ပြရန်”အဆိုနှင့်စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်မည့် အစီအမံအား လွှတ်တော်သို့တင်ပြခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာ–ဂျပန် လွှတ်တော်ကိုယ်စားလှယ်များ ချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၄၁ ရက်မြောက်နေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး ၄၂ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။